# တိုင်းရင်းသားခုခံတော်လှန်ရေးအဖွဲ့အစည်းများနှင့် ပြည်နယ်/လူမျိုးကိုယ်စားပြုကောင်စီများ၏ အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် သဘောထား ထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့

တိုင်းရင်းသားခုခံတော်လှန်ရေး အဖွဲ့အစည်းများနှင့် ပြည်နယ်/လူမျိုးကိုယ်စားပြု ကောင်စီများမှ အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် ကြိုတင်ပြင်ဆင် ညှိနှိုင်းမှုများကို အကြိမ်ကြိမ်ကျင်းပပြုလုပ်ခဲ့ကြပါသည်။ အဆိုပါ ညှိနှိုင်းမှုများမှတဆင့် ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး (Bottom-up Federalism) နှင့် စပ်လျဉ်းပြီး တိုင်းရင်းသားခုခံတော်လှန်ရေး အဖွဲ့အစည်းများ၊ ပြည်နယ်/လူမျိုးကိုယ်စားပြု ကောင်စီများ စုစုပေါင်း (၉) ဖွဲ့မှ အောက်ပါ သဘောတူညီချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့သည်။

၁။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရာတွင် ပြည်နယ်အားကောင်းရေးကို ရှေ့ရှုသည့် ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး (Bottom-up Federalism) ချဉ်းကပ်မှုဖြင့် တော်လှန်ရေးကာလ/ကြားကာလမှ စတင်၍ မိမိတို့ ပြည်နယ်/လူမျိုး ကိုယ်စားပြု ကောင်စီများ၊ တိုင်းရင်းသားခုခံ တော်လှန်ရေးအဖွဲ့အစည်းများမှ အတူတကွ တည်ဆောက်သွားမည်။

၂။ ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး (Bottom-up Federalism) ကို အောက်ပါအခြေခံမူများနှင့်အညီ တည်ဆောက်သွားမည်။

(က) အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်များသည် ပြည်နယ်/ဖက်ဒရယ်ယူနစ်များနှင့် ၎င်း ပြည်နယ်/ဖက်ဒရယ်ယူနစ်များအတွင်းရှိ ပြည်သူလူထုများဖြစ်သည်။

(ခ) ပြည်နယ်/ဖက်ဒရယ်ယူနစ်များသည် တန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံသည်။

(ဂ) အချုပ်အခြာအာဏာ (Sovereignty)၊ သွေးစည်းညီညွတ်မှု (Solidarity)၊ လူထုနှင့် အနီးကပ်ဆုံးအာဏာ (Subsidiarity) နှင့် အချိုးကျမှု (Proportionality) အခြေခံမူများ အတိုင်း လုပ်ပိုင်ခွင့်အာဏာခွဲဝေခြင်းကို ဆောင်ရွက်မည်။

၃။ ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေးကို တော်လှန်ရေးအင်အားစုများအကြား ဆက်လက်ညှိနှိုင်းအကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကိုလည်း ဆွေးနွေးချမှတ်ခဲ့သည်။

၄။ သို့ဖြစ်ပါ၍ အထက်ပါ သဘောတူညီချက်နှင့် လုပ်ငန်းစဉ်များကို မိမိတို့ တိုင်းရင်းသား ခုခံတော်လှန်ရေး အဖွဲ့အစည်းများ၊ ပြည်နယ်/လူမျိုးကိုယ်စားပြုကောင်စီများမှ အနာဂတ် ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု အားကောင်းရေးအတွက် အတူတကွ လက်တွဲအကောင် အထည်ဖော်ဆောင်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

၁။ ကရင်အမျိုးသားအစည်းအရုံး (KNU)
၂။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)
၃။ ချင်းအမျိုးသားတပ်ဦး (CNF)
၄။ ကရင်နီပြည် အတိုင်ပင်ခံကောင်စီ (KSCC)
၅။ ပအိုဝ်း အမျိုးသားဖက်ဒရယ်ကောင်စီ (PNFC)
၆။ မွန်ပြည်သစ်ပါတီ၊ စစ်အာဏာရှင်တိုက်ဖျက်ရေး (NMSP-AD)
၇။ မွန်ပြည်ဖက်ဒရယ်ကောင်စီ (MSFC)
၈။ တအာင်း နိုင်ငံရေးအတိုင်ပင်ခံကော်မတီ (TPCC)
၉။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (WLB)

ဆက်သွယ်ရန် -

၁။ အောင်ဆန်းမြင့် +66 63 074 9087
၂။ နန်းမိုမို့ +66 65 955 6630